**အန္တရာယ်နယ်မြေ (dangerous area) ဆိုသည်မှာ အဘယ်နည်း။**

ဤနေရာများတွင် ပေါက်ကွဲတတ်သည့်ပစ္စည်းများ ရှိနေနိုင်ပါသည်။

- ယခင်စစ်ခင်းခဲ့သည့်နေရာများ
- ယခင်တပ်ချထားရာလက်နက်ကြီးနေရာများ/စစ်တန်းလျှားများ/ကတုတ်ကျင်းများ
- ပေါက်ကွဲစေတတ်သည့်ပစ္စည်းပေါက်ကွဲသည့်ဖြစ်ရပ်ဖြစ်ဖူးသည့် နေရာများ
- မြေမြုပ်မိုင်းရှင်းလင်းမှုလုပ်ဆောင်နေသည့်နေရာများအပါအဝင် လူသိများသောမိုင်းကွင်းများ
- စွန့်ပစ်ထားသည့် တပ်စခန်း၊ စစ်ဆေးရေးဂိတ်၊ စခန်းချရာနေရာများ
- စွန့်ပစ်ထားသည့်အိမ်များ/အဆောက်အအုံများ/စက်ရုံများ
- ယိုယွင်းပျက်စီးနေသည့်နေရာများ
- စစ်အခြေစိုက်စခန်းများ၊လုံခြုံရေးမြှင့်တင်ထားသည့်နေရာများ
- လျှပ်စစ်တာဝါတိုင်(သို့) မီးလိုင်းတိုင်အနီးပတ်ဝန်းကျင်များ
- ကုန်ပစ္စည်းသိုလှောင်ရုံများ
- တံတားနှင့်တံတားဝန်းကျင်
- စွန့်ပစ်ထားသည့်ပစ္စည်းနေရာများ

**ပေါက်ကွဲစေတတ်သည့်ပစ္စည်းတစ်ခုခုကို တွေ့ရှိပါက လုပ်ဆောင်ရန်များ**

- ရပ်ပါ။ ပြန်သွားပါ။ နေရာကိုမှတ်ထားပါ။ အခြားသူများကိုသတိပေးပါ။
- ရပ်ပါ။
- စိတ်ကိုတည်ငြိမ်အောင်ထားပါ။
- သတိကြီးစွာထား၍ ဘေးဘီဝဲယာကိုကြည့်ပါ။
- အခြားသူများကို သတိပေးပါ။
- အန္တရာယ်နေရာသို့ဝင်သည့်လမ်းကို မှတ်ထားပါ။ (ကျောက်ဆောင်၊ သစ်ပင်၊ တောင်ကုန်း။ စမ်းချောင်း စသဖြင့် အန္တရာယ်နေရာ၏ မြေပြင်တွင်ရှိ ညွှန်းမှတ်တစ်ခုခုကို ရှာဖွေမှတ်သားပါ။)
- ဤမှတ်သားထားသည့်နေရာတို့အတိုင်း တိကျစွာပြန်လာပါ။
- ဒေသအာဏာပိုင်တို့ကို ချက်ခြင်းအသိ ပေးကာ သံသယဖြစ်သည့်နေရာအကြောင်းကို ပြောပြပါ။ သို့မှသာ ၎င်းတို့က အန္တရာယ်ဖြစ်စေမည့်အရာများအား ရှာဖွေဖော်ထုတ်နိုင်မည်။
- ယခုဆိုလျှင် သင်သည် ပေါက်ကွဲတတ်သည့်ပစ္စည်းများ၏ အန္တရာယ်အား မည်သို့လျှော့ချမည်ကို သိပြီးဖြစ်သဖြင့် ဘေးကင်းလုံခြုံစေမည့် သတင်းစကားများကို သင့်မိသားစု (သို့) သင့်သူငယ်ချင်းများအား ရှင်းပြသင့်ပါသည်။




# ပေါက်ကွဲစေတတ်သည့်ပစ္စည်းများဟူသည် အင်မတန်အန္တရာယ်ကြီးပါသည်။ ၎င်းတို့မှ ဝေးဝေးနေပါ။



## ပေါက်ကွဲစေတတ်သည့်စစ်ကျန်ပစ္စည်းများက ဘာတွေလဲ။

ပေါက်ကွဲတတ်သည့်စစ်ကျန်ပစ္စည်းများတွင် ပစ်လိုက်သော်လည်း ရည်ရွယ်ထားသကဲ့သို့ မီးမကူးသည့်/ မပေါက်ကွဲသည့် စစ်လက်နက်ပစ္စည်းများနှင့် မည်သည့်လက်နက်ကိုင်အဖွဲ့၏ ထိန်းချုပ်မှုအောက်တွင်မရှိတော့သော အသုံးမပြုရသေးသည့် စစ်လက်နက်ပစ္စည်းများပါဝင်သည်။ အမြောက်လက်နက်များ၊ မော်တာသီးများ၊ စနက်တံ/ကြိုး၊ လက်ပစ်ဗုံး၊ ဗုံးကြီးနှင့် ဗုံးသေးများ၊ ထပ်ဆင့်ပေါက်ကွဲသည့်လက်နက်နှင့် ၎င်းမှ တစ်ဆင့်ထပ်ဆင့်ပေါက်ကွဲသည့်ဗုံးများ၊ ဒုံးကျည်နှင့် ဒုံးလက်နက်၊ တိုက်ပွဲဖြစ်စဉ်အတွင်း သို့မဟုတ် တိုက်ပွဲအပြီး စွန့်ပစ်ထားခဲ့သော မော်တာ၊ လက်ပစ်ဗုံး၊ ဗုံး၊ ဒုံးကျည်၊ ယမ်းထောင့်၊ အမြောက်ဆန် စသည်တို့လည်းပါဝင်သည်။



## ပေါက်ကွဲစေတတ်သည့်ပစ္စည်းများဟူသည် အင်မတန်အန္တရာယ်ကြီးပါသည်။ ၎င်းတို့မှ ဝေးဝေးနေပါ။

- ပေါက်ကွဲစေတတ်သည့်ပစ္စည်းများဟူသည် အမြဲတမ်းအန္တရာယ်ကြီးပါသည်။
- ပေါက်ကွဲတတ်သည့်ပစ္စည်းများသည် ပုံစံ၊ အရွယ်အစား၊ အရောင်အမျိုးမျိုးရှိနိုင်ပါသည်။ အချိန်ကြာလာသည်နှင့်အမျှ သံချေးတက်ခြင်း သို့မဟုတ် အဆင်းသဏ္ဍာန်ပြောင်းလဲခြင်း ဖြစ်လာနိုင်သည်။ သို့မဟုတ် ရာသီဥတုအခြေအနေကြောင့် ဖြစ်စေ၊သဘာဝပေါက်ပင်ကဲ့သို့သောပတ်ဝန်းကျင်အခြေအနေကြောင့်ဖြစ်စေ ပြောင်းလဲမှုများရှိလာတတ်သည်။

- လက်ပစ်ဗုံးကဲ့သို့သော ပေါက်ကွဲတတ်သည့်ပစ္စည်းသေးတစ်ခုက (၅၀) မီတာပတ်လည် သို့မဟုတ် ထိုအတိုင်းအတာထက်ပိုသည့် နေရာတွင်ရှိ သက်ရှိကို သေစေနိုင်သည် သို့မဟုတ် ဒဏ်ရာရစေနိုင်သည်။
- ပေါက်ကွဲစေတတ်သည့်ပစ္စည်းများကို လုံးဝမထိရ/အနီးမကပ်ရ။
- ပေါက်ကွဲစေတတ်သည့်ပစ္စည်းတစ်ခုက ပျက်စီးသွားသည့်အသွင်ပေါ်နေပါသော်လည်း ၎င်းသည် ဘေးကင်းသည်ဟုဆိုလိုရာမရောက်ပါ။
- ပေါက်ကွဲစေတတ်သည့်ပစ္စည်းတစ်ခုကို သယ်ဆောင်လိုက်ပြီဖြစ်သော်လည်း ၎င်းသည် ဘေးကင်းသည်ဟုဆိုလိုရာမရောက်ပါ။
- ပေါက်ကွဲစေတတ်သည့်ပစ္စည်းများဟူသည်မှာ စိတ်ချရသည့်သဘောသဘာဝမရှိပါ။ အပူကြောင့်၊ ထိတွေ့မိခြင်း သို့မဟုတ် တုန်ခါမှုများကြောင့် သို့မဟုတ် အချိန်ကြာလာသည်နှင့်အမျှ အချိန်မရွေးပေါက်ကွဲနိုင်သည်။
- ပေါက်ကွဲတတ်သည့်ပစ္စည်းများကို လက်ဖြင့်မပစ်ပေါက်ရ၊ မကန်ရ။
- မီးဖြင့်မရှို့ရ။
- ပေါက်ကွဲစေတတ်သည့်ပစ္စည်းများကို ရွှေ့လျားရန်မကြိုးစားရ။



ပေါက်ကွဲစေတတ်သည့် ပစ္စည်းများကို လွှင့်မပစ်ရ



ပေါက်ကွဲစေတတ် သည့်ပစ္စည်းများ ကို မကန်ရ



ပေါက်ကွဲစေတတ် သည့်ပစ္စည်းများကို မီးမရှို့ရ



ပေါက်ကွဲစေတတ် သည့်ပစ္စည်းများကို ဖယ်ရှားခြင်းမပြုလုပ်ရ



## ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ၏ အကျိုးသက်ရောက်မှုများ

- ပေါက်ကွဲတတ်သည့်ပစ္စည်းများကို တစ်ပါးသူအား သေစေရန် အလို့ငှာ၊ ကိုယ်လက်အင်္ဂါချို့တဲ့သွားစေရန်အလို့ငှာ ဖန်တီးထားပါသည်။ အကျိုးဆက်အနေဖြင့်ပေါက်ကွဲတတ်သည့် ပစ္စည်းများကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးခြင်း၊မျက်စိကွယ်ခြင်း၊ မြုံခြင်း၊ မျက်လုံးနှင့် အရေပြားလောင်ကျွမ်းခြင်း၊ နားထိုင်းခြင်း၊ အဆုတ်ပျက်စီးခြင်းနှင့် အခြားသောဒဏ်ရာဒဏ်ချက်များကို ခံစားရနိုင်ပါသည်။
- ကိုယ်လက်အင်္ဂါဖြတ်တောက်ကုသမှုခံယူပြီးသည့်နောက်ပိုင်း အသက်မသေပဲရှင်ကျန်သူတို့သည်၎င်းတို့၏ဘဝတစ်လျှောက်လုံး ပြန်လည်ထူထောင်မှုကို လိုအပ်မည်ဖြစ်သည်။
- ကလေးသူငယ်များမှာ ၎င်းတို့ကြီးထွားစဉ်ကာလအတွင်း ၎င်းတို့၏ခြေတုလက်တုများကို ဖလတစ်ကြိမ်ပုံမှန်လဲလှယ်ရန်လိုပါသည်။
- ပေါက်ကွဲစေတတ်သည့်ပစ္စည်းများရှိသည့်နေရာတွင် မည်သည့် အဖြစ်အပျက်များမဖြစ်ခဲ့စေကာမူ ပေါက်ကွဲတတ်သည့် ပစ္စည်းများရှိခြင်းက ရပ်ရွာလူထုကြားတွင် ကြောင့်ကြစိတ်နှင့် ကြောက်ရွံ့မှုကို ဖြစ်စေပါသည်။
- ပေါက်ကွဲစေတတ်သည့်ပစ္စည်းများကြောင့်ဖြစ်သည့်ဒဏ်ရာသည် ရေရှည် စိတ်ဓါတ်ကျဆင်းခြင်း၊ အပြုအမူဆိုင်ရာအနှောင့်အယှက် ဖြစ်ခြင်း၊ ကြောက်တတ်သောရောဂါ စသည်တို့ကို ဖြစ်စေနိုင်ပါသည်။
- ဒဏ်ရာရသူတို့သည်ဒဏ်ရာကြောင့်ဖြစ်သည့်ငွေကြေးနှင့်စိတ်ခံစားမှုဆိုင်ရာဖိအားနှင့် မိသားစုနှင့်ပတ်သက်၍ အပြစ်ခံစားရခြင်း စသည်တို့ကို မကျော်လွှားနိုင်သည်မျိုးကြုံရတတ်သည်။မိသားစုအားအလုပ်အကျွေးပြုသူတစ်ဦး အသတ်ခံရ သို့မဟုတ် ကိုယ်လက်အင်္ဂါပြတ်တောက်သွားသည့်အခါ အဆိုပါမိသားစုသည် အခြားအရာများအပါအဝင် ဝင်ငွေဆုံးရှုံးမှုကို ကြုံတွေ့ ခံစားရမည်ဖြစ်သည်။
- ပေါက်ကွဲစေတတ်သည့်ပစ္စည်းများက အခြေခံလိုအပ်ချက်များ (ထင်း၊ သောက်ရေ စသဖြင့်) ရရှိနိုင်မှုကို ကန့်သတ်ပါသည်။
- ပေါက်ကွဲစေတတ်သည့်ပစ္စည်းများသည် ထွန်ယက်စိုက်ပျိုး၍ရသည့် မြေယာများကို ညစ်ညမ်းမှုဖြစ်စေပြီး လယ်ယာတွင်အသုံးပြုသည့် တိရစ္ဆာန်များကို သေကြေ၊ ဒဏ်ရာရစေနိုင်သည်သာမက အဆိုပါမိသားစုအား အရင်းမြစ်များဆုံးရှုံးမှုကိုဖြစ်စေနိုင်ပါသည်။